မြန်မာနိုင်ငံပဲမျိုးစုံ၊ ပြောင်းနှင့် နှမ်းကုန်သည်များအသင်း

MYANMAR PULSES, BEANS, MAIZE & SESAME SEEDS MERCHANTS ASSOCIATION

SHWE ZABU RIVER VIEW COMPLEX, 23G-1, NO. 3B, TOWER (C), ROOM NO. (C-402), 5TH FLOOR, STRAND ROAD, YANGON. MYANMAR.

TEL : 95-1-2301772 EMAIL : office@mpbmsma.org

စာအမှတ်။ ၁/မပန(စီမံ)/၂၄ (၁၉၂၃)။

ရက်စွဲ။ ၂၀၂၄ ခုနှစ်၊ နိုဝင်ဘာလ (၁၉) ရက်။

သို့

အသင်းဝင်ကုမ္ပဏီများအားလုံး

အကြောင်းအရာ ။ **မြန်မာနိုင်ငံပဲမျိုးစုံ၊ ပြောင်းနှင့် နှမ်းကုန်သည်များအသင်း၏ ၂၀၂၅ ~ ၂၀၂၇ (၃) နှစ် သက်တမ်းကာလအတွက် အလုပ်အမှုဆောင်အဖြစ် တာဝန်ထမ်းဆောင်ရန် ဆန္ဒရှိပါက အဆိုပြုလွှာပေးပို့နိုင်ပါရန် အကြောင်းကြားခြင်း။**

၁။ မြန်မာနိုင်ငံပဲမျိုးစုံ၊ ပြောင်းနှင့် နှမ်းကုန်သည်များအသင်းအနေဖြင့် လက်ရှိတာဝန်ထမ်းဆောင်လျက်ရှိသော အလုပ်အမှုဆောင်အဖွဲ့မှာ ၈-၁၂-၂၀၂၁ ရက်နေ့တွင် ကျင်းပခဲ့သော အလုပ်အမှုဆောင်အဖွဲ့ ရွေးချယ်တင်မြှောက်ပွဲအရ ၂၀၂၂-၂၀၂၄ (၃) နှစ်တာကာလအတွက် တာဝန်ထမ်းဆောင်ခဲ့ကြခြင်းဖြစ်ပြီး ၂၀၂၄ ခုနှစ်၊ ဒီဇင်ဘာလတွင် သက်တမ်းကုန်ဆုံးမည် ဖြစ်ပါသည်။

၂။ မြန်မာနိုင်ငံပဲမျိုးစုံ၊ ပြောင်းနှင့် နှမ်းကုန်သည်များအသင်း သင်းဖွဲ့စည်းမျဉ်းအရ လာမည့် ၂၀၂၅-၂၆-၂၇ (၃) နှစ် တာကာလအတွက် အလုပ်အမှုဆောင်အဖွဲ့ကို ဖွဲ့စည်းတာဝန်ယူနိုင်ရန် အသင်းသားများထံမှ အလုပ်အမှုဆောင်အဖြစ် တာဝန်ထမ်းဆောင်လိုသောသူများ၏ ဆန္ဒပြုချက်အရ အလုပ်အမှုဆောင်အဖွဲ့ကို ရွေးချယ် တင်မြှောက်ပွဲကော်မရှင်၏ ကြီးကြပ်မှုဖြင့် Shwe Zabu River View Complex, ပထမထပ် အစည်းအဝေး ခန်းမ၌ ၁၈-၁၂-၂၀၂၄ (ဗုဒ္ဓဟူးနေ့) မွန်းလွဲ (၂း၀၀) နာရီတွင် စနစ်တကျ ရွေးချယ်တာဝန်ပေးမည် ဖြစ်ပါသည်။

၃။ သို့ဖြစ်ပါ၍ မြန်မာနိုင်ငံပဲမျိုးစုံနှင့် နှမ်းကုန်သည်များအသင်း၏ ၂၀၂၅-၂၆-၂၇ (၃) နှစ်တာကာလ အတွက် ၃၁-၃-၂၀၂၃ နေ့ထက် နောက်မကျဘဲ အသင်းဝင်ပြီးသည့် အသင်းဝင်များအနေဖြင့် အလုပ် အမှုဆောင်အဖြစ် တာဝန်ထမ်းဆောင်လိုသည့် ဆန္ဒရှိပါက ပူးတွဲပါ အလုပ်အမှုဆောင်အဖြစ် တာဝန်ထမ်း ဆောင်လိုသော ဆန္ဒပြုလွှာနှင့် ကိုယ်ရေးရာဇဝင်အကျဉ်းချုပ်တို့အား ပြည့်စုံစွာ ဖြည့်စွက်၍ မြန်မာနိုင်ငံ ပဲမျိုးစုံ၊ ပြောင်းနှင့် နှမ်းကုန်သည်များအသင်းရုံးသို့ မူရင်းစာရွက်စာတမ်းများနှင့်အတူ မှတ်ပုံတင်စာရင်းသွင်း နိုင်ရန်အတွက် ၂-၁၂-၂၀၂၄ (တနင်္လာနေ့) ရုံးချိန်အတွင်း နောက်ဆုံးထား၍ ပေးပို့ပေးနိုင်ပါရန် အသိပေး အကြောင်းကြားအပ်ပါသည်။

ထွန်းလွင်

ဥက္ကဋ္ဌ

မြန်မာနိုင်ငံပဲမျိုးစုံ၊ ပြောင်းနှင့် နှမ်းကုန်သည်များအသင်း